**တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**အဋ္ဌမနေ့အစီအစဉ်**

**၁၆-၆-၂၀၂၆ (အင်္ဂါနေ့)**

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း-

(က) **ဦးကျော်လွင်ဦး၊ ကသာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''စစ်ကိုင်းတိုင်း ဒေသကြီးအတွင်းရှိ လုံခြုံရေးအရ ပြန်လည်ထိန်းချုပ်နိုင်သော မြို့နယ်များတွင် တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့ဝန်ထမ်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တာဝန်ထမ်းဆောင်နိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့ အနေဖြင့် မည်သို့ အစီအမံများ ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါကြောင်း'' စပ်လျဉ်း သည့်မေးခွန်း။

(ခ) **ဦးအောင်မင်းကျော်သူ၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''အကြမ်းဖက်အဖွဲ့အစည်းများ၏ ခြိမ်းခြောက်အကြပ်ကိုင်မှုများကြောင့် ဌာနမှ နှုတ်ထွက်ခဲ့ကြရသည့် ဝန်ထမ်းများအား သနားငဲ့ညှာသောအားဖြင့် အလုပ်ပြန်ဝင် လိုပါက ပြန်ဝင်နိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ပြန်လည် မဝင်နိုင်သည့် သူများကိုလည်း သေချာစွာစိစစ်၍ သင့်တင့်သည့် ပင်စင်မျိုး ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဦးတင်မင်းထွဋ်၊ ဖောင်းပြင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ဖောင်းပြင်မြို့ ကျွန်းရွှေဝါရပ်ကွက်၊ အမှတ်(၈၇) မူလတန်းလွန်ကျောင်းအား အလယ်တန်းခွဲ (သို့မဟုတ်) အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်းရှိ/မရှိနှင့် ဆောင်ရွက်ပေးမည်ဆိုပါက မည်သည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိ လိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးအောင်လင်းဆန်း၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ရေဦးမြို့တွင် လက်ရှိဖွင့်လှစ်ထားသော စာသင်ကျောင်း(၁၀)ကျောင်းမှ ကျောင်းသား/ကျောင်းသူများအတွက် ကျောင်းသုံးပစ္စည်းများအား ကျောင်းဖွင့်ချိန်အမီ အဆင်ပြေချောမွေ့စွာ သယ်ယူနိုင်ရေးနှင့် ကျောင်းဖွင့်ချိန်တွင် ဆရာ/ဆရာမများနှင့် ဝန်ထမ်းများ သွားရေးလာရေး အဆင်ပြေစေရန် ခါတ်ဆီလုံလောက်စွာ ရောင်းချပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ် (၁)၏**

(၁) ''ခန္တီးမြို့နယ်အတွင်း ကျောင်းများတွင် ပညာရေးမြှင့်တင်နိုင်ရေးအတွက် ကျောင်းဖွင့်ချိန်အမီ ဆရာ/ဆရာမများခန့်ထားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း''စပ်လျဉ်းသည့်မေးခွန်း။

(၂) "ခန္တီးမြို့အရှေ့ ကောက်တောင်းကျေးရွာ၊ မိုင်းနောင်ကျေးရွာ၊ လင်းဖားကျေးရွာ၊ လောင်ပကျေးရွာ၊ မင်းဆင်ကျေးရွာနှင့် ဇီးဖြူကုန်းရပ်ကွက်တို့ရှိ အန္တရာယ်ရှိသောကျောင်းအို၊ ကျောင်းဟောင်းစာသင်ကျောင်းများအားဖျက်သိမ်း၍ အသစ်ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါ ကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** "တမူးမြို့ရှိ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် တမူးမြို့၊ ကုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံတွင် လိုအပ်နေသောဆရာဝန်များနှင့် သူနာပြုဆရာမများ ခန့်ထားပေးနိုင်ခြင်းရှိ /မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဒေါ်မာမာဝင်း၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကျွန်းလှမြို့တွင် ယနေ့အချိန်ထိ လျှပ်စစ်မီးပြတ်တောက်နေမှုအား ပြန်လည်ရရှိအောင်ဆောင်ရွက်ပေးရန်နှင့် မြို့နယ်အတွင်း အဓိကကျသော ဆက်သွယ်ရေးလမ်းမကြီးအား ကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးစိုင်းစံလှစိုး၊ ဟုမ္မလင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ဟုမ္မလင်းမြို့ ဥရုချောင်းချဉ်းကပ်လမ်းအနီး ရေတိုက်စားမှုကြောင့် ချောင်းကမ်းပါးပြိုကျနေပြီး ဥရုတံတားထိခိုက်လာနိုင်သည့်အတွက် အချိန်မီ ကာကွယ်ထိန်းသိမ်းရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဦးမင်းဇော်၊ ကလေးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** "ကလေးမြို့တွင် ဥပုဒ်ချောင်းမှတစ်ဆင့် ရေကြီးရေလျှံမှုများ နှစ်တိုင်းဖြစ်ပေါ်နေပြီး ရေကြီးရေလျှံသည့်အချိန်တွင် (၂၅ပေ×၁၅ပေ)ရှိ သံကူကွန်ကရစ်တံတားသည် လက်ရှိ ကမ်းကပ်ခုံ တစ်ဖက်ခြမ်းနိမ့်ဆင်းနေပြီး အချိန်မရွေး ပျက်စီးသွားနိုင်ပါသဖြင့် တံတားအသစ် တစ်စင်း တည်ဆောက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုပါကြောင်း" စပ်လျဉ်းသည့်မေးခွန်း။

၆။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။

၇။ လွှတ်တော်ဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ ကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်း။

၈။ လွှတ်တော်ဒုတိယဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာကော်မတီ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီး တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို ရှင်းလင်းဖတ်ကြားခြင်း။

၉။ လွှတ်တော်ဥက္ကဋ္ဌမှ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးတို့ အမည်စာရင်းကို လွှတ်တော်သို့ တင်ပြခြင်းနှင့် ဆွေးနွေးလိုသော လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၁၀။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။

၆။ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌမှ ပညာရေး၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို လွှတ်တော်၏ အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းကြောင်း ကြေညာခြင်း။